# ဆန္ဒမဲဆိုင်ရာ လမ်းညွှန်ချက်နှင့် ပြည်သူ့ပါဝင်မှုဆိုင်ရာ နည်းလမ်းများ

*U.S. နိုင်ငံသားတစ်ဦးအဖြစ် ဆန္ဒမဲပေးခြင်းသည် သင့်အခွင့်အရေးဖြစ်ပြီး သင့်ဆန္ဒကိုထုတ်ဖော်ခြင်းသည် ကျွန်ုပ်တို့၏ ဒီမိုကရေစီရေး အတွက် အရေးကြီးပါသည်။ မဲပေးရန်အခွင့်အရေးကို အသုံးပြုခြင်းဖြင့် သင့်ကိုယ်ကို စွမ်းအားမြှင့်တင်ပြီး သင့်ဆန္ဒ၏အရေးပါမှုကို ကိုယ်တိုင်လက်တွေ့ သိရသည်။*

***ယခုနှစ် ရွေးကောက်ပွဲများကို အင်္ဂါနေ့၊ နိုဝင်ဘာလ 3 ရက်နေ့၊ 2020 တွင် ကျင်းပမည်။*** *သင့်ပြက္ခဒိန်တွင် မှတ်သားထားပါ။ COVID-19 ကမ္ဘာ့ကပ်ရောဂါ ကာလအတွင်း ပြည်နယ်အများအပြားတွင် မဲပေးရန် ညွှန်ကြားချက်များကို ပြောင်းလဲထားပါသည်။ သင့်ပြည်နယ်တွင် ခွင့်ပြုပါက ကြိုတင်မဲပေးရန် သို့မဟုတ် စာတိုက်မှတစ်ဆင့် မဲပေးရန်အတွက် စဉ်းစားပါ။ နောက်ဆုံးထွက် သတင်းအချက်အလက် များနှင့် ပြည်နယ်အလိုက် အတိအကျ တင်ပြချက်များကို* [www.vote.org](www.vote.org)*၊* *National Conference of State Legislatures* *နှင့်* *ACLU Resource**၊ စသည့် နေရာများတွင် ဖတ်ရှုပါ။*

**ဒုက္ခသည်များ** အနေဖြင့် အမေရိကန်ပြည်ထောင်စုတွင် နေထိုင်ရာ၌ တစ်နှစ်ပြည့်ပြီးနောက် ဂရင်းကဒ် လျှောက်နိုင်ပါသည်။ အမေရိကန်ပြည်ထောင်စုတွင် နေထိုင်ရာ၌ အချိန်စုစုပေါင်း ငါးနှစ်ပြည့်ပြီးနောက် ဒုက္ခသည်များအနေနှင့် နိုင်ငံသားဖြစ်လာရန် လျှောက်လွှာတင်နိုင်သည်။

**U.S. နိုင်ငံသားတိုင်း အနေနှင့်** ဆန္ဒမဲပေးရန် မှတ်ပုံတင်နိုင်ပြီး ဖယ်ဒရယ်၊ ပြည်နယ်နှင့် ဒေသဆိုင်ရာ ရွေးကောက်ပွဲများတွင် မဲပေးနိုင်သည်။ နောက်ဆုံးသတ်မှတ်ရက်များ မရောက်မီ သေချာအောင် ကြိုတင်၍ မှတ်ပုံတင်ထားပြီး ရွှေ့ပြောင်းသောအခါ ပြန်လည်မှတ်ပုံတင်ပါ၊ ထို့အတူ မည်သို့မဲပေး ကြောင်းနှင့် ဘယ်အချိန်၊ ဘယ်နေရာတွင် မဲပေးကြောင်း သိထားပါ။

*ဂရင်းကဒ်အတွက် လျှောက်လွှာတင်ခြင်း၊ နိုင်ငံသားအတွက် လျှောက်လွှာတင်ခြင်းနှင့် ဆန္ဒမဲပေးရန် သေချာအောင် မှတ်ပုံတင်ခြင်း၊ စသည့်ကိစ္စများကို မည်သို့ဆောင်ရွက်ကြောင်း လေ့လာရန်အတွက် လင့်ခ်များကိုနှိပ်ပါ။*

## ကိုရိုနာဗိုင်းရပ်စ် / COVID-19 ကြောင့် မဲပေးရန် အပြောင်းအလဲများ

*ယခုနှစ်တွင် ဆန္ဒမဲပေးရန်* ***အလွန်ပင်*** *အရေးကြီးပါသည်။ ထို့ကြောင့် သင်နှင့် သင့်လူစုအသိုင်းအဝိုင်းများ ဆန္ဒမဲပေးရန် သေချာအောင် မှတ်ပုံတင်ထားပြီး ဘယ်အချိန်တွင် ဘယ်လိုမဲပေးမည်ဖြစ်ကြောင်း စီစဉ်ထားပါ။ ယခုအချိန်တွင် ဆန္ဒမဲပေးရန် ဘေးကင်းလုံခြုံမှု အကောင်းဆုံးနည်းသည် စာတိုက်မှတစ်ဆင့် မဲပေးပို့ခြင်းဖြစ်ပါသည် (အဝေးရောက်သူ မဲပေးခြင်းဟုလည်း ခေါ်ဆိုသည်)။ ပြည်နယ်အတော်များများတွင် စာတိုက်မှတစ်ဆင့် မဲပေးခွင့်များကို တိုးချဲ့နေပြီး အချို့ပြည်နယ်များတွင် ကမ္ဘာ့ကပ်ရောဂါ ကာလအတွင်း မှတ်ပုံတင်ထားသော မဲဆန္ဒရှင်များ အားလုံးထံသို့ အဝေးရောက်သူမဲစာရွက်ကို အလိုအလျောက် ပို့ပေးပါသည်။ အခြားသောပြည်နယ်များတွင်* *အဝေးရောက်သူအတွက် မဲစာရွက်တောင်းဆိုရန်* *လိုအပ်ပါသေးသည်။*

*လူကိုယ်တိုင် မဲပေးမည်ဆိုပါက လူအများစုဝေးနေခြင်းကို ရှောင်ကြဉ်ရန်အတွက် ကြိုတင်မဲပေးနိုင်လျှင် အကောင်းဆုံးဖြစ်လိမ့်မည်၊ ထို့ကြောင့်* *သင့်ပြည်နယ်တွင် ကြိုတင်မဲပေးနိုင်ခွင့်ရှိမရှိ သေချာအောင် ကြည့်ရှုစစ်ဆေးပါ**။ ရွေးကောက်ပွဲနေ့တွင်သာ မဲပေးနိုင်မည်ဆိုပါက သင့်မဲဆန္ဒနယ်မြေ အဆောက်အအုံ၌ အလုပ်ချိန်နောက်ပိုင်း အပြေးအလွှားလုပ်ရမည့်အချိန်မျိုးကို ရှောင်ရန်အတွက် နံနက်စောစော သို့မဟုတ် နေ့ခင်းပိုင်း ဖြစ်ကောင်းဖြစ်နိုင်သည့် လူမများမည့်အချိန်မျိုးတွင် မဲပေးရန်ကြိုးစားပါ။ မျက်နှာဖုံးတပ်ဆင်ခြင်း၊ မဲမပေးခင်အချိန် နှင့် မဲပေးပြီးနောက် လက်များကို ဆေးကြောခြင်း/ပိုးသတ်သန့်စင်ခြင်း၊ ဆန္ဒမဲရုံကိရိယာများကို အသုံးမပြုခင်အချိန်နှင့် အသုံးပြုပြီးနောက် ဘက်တီးရီးယား ပိုးသတ်ဆေးဆွတ်ထားသော တစ်ရှူးစက္ကူဖြင့် သုတ်ခြင်း၊ သင့်မျက်နှာကို မကိုင်မိအောင် ရှောင်ကြဉ်ခြင်း၊ တန်းစီချိန် အပါအဝင် အခြားသူများနှင့် ခြောက်ပေကွာ ခွာနေခြင်း၊ စသည့်လုပ်ထုံးလုပ်နည်းများ အပါအဝင်* *COVID-19 ကြိုတင်ကာကွယ်မှု စည်းကမ်းသတ်မှတ်ချက်များ* *ကို သေချာအောင် လိုက်နာပါ။ အချို့မဲရုံများတွင် သင့်ကားထဲမှနေ၍ မဲပေးနိုင်မည့် လမ်းဘေးပလက်ဖောင်း (curb-side) နေရာ စီစဉ်ပေးပါလိမ့်မည်။ လမ်းဘေးပလက်ဖောင်း မဲပေးနိုင်ခြင်းရှိမရှိ မေးမြန်းရန်အတွက် သင့်* *ကောင်တီရွေးကောက်ပွဲ စီမံခန့်ခွဲသူ* *ထံသို့ ဖုန်းကြိုဆက်ပါ။*

## ဆန္ဒမဲပေးရန် နည်းလမ်းသုံးမျိုး

***1. စာတိုက်မှတစ်ဆင့် မဲပေးခြင်း။*** *ပြည်နယ်အတော်များများတွင် မဲဆန္ဒရှင်များကို စာတိုက်မှတစ်ဆင့် ရွေးကောက်ပွဲမတိုင်မီ "အဝေးရောက်သူ၏ မဲစာရွက်" ကိုအသုံးပြုပြီး မဲထည့်ခွင့်ပေးသည်။ အထူးသဖြင့် သက်ကြီးရွယ်အိုများ၊ အချိန်ကြာရှည်စွာ အလုပ်လုပ်သူ များ သို့မဟုတ် အလုပ်တစ်ခုထက်ပိုပြီး လုပ်ကိုင်သူများနှင့် သယ်ယူပို့ဆောင်ရေး မရှိသူများ၊ စသည့်ပုဂ္ဂိုလ်များအနေဖြင့် မဲရုံသို့သွားရန် အခက်အခဲကြုံရလေ့ ရှိသောကြောင့် စာတိုက်မှတစ်ဆင့် ကြိုတင်မဲပေးခြင်းသည် သေချာအောင် မဲပေးကြရန် အထောက်အကူဖြစ်စေသည့် အကောင်းဆုံး နည်းလမ်းများထဲမှ တစ်မျိုးဖြစ်သည်။ COVID-19 ကမ္ဘာ့ကပ်ရောဂါကို ထည့်တွက်လျှင် စာတိုက်မှတစ်ဆင့် မည်သို့မဲပေးနိုင် ကြောင်း လူအများကို အသိပေးရန် ပိုပြီးအရေးကြီးလာပါသည်။ စာတိုက်မှတစ်ဆင့် မဲထည့်ရန်အတွက် မဲစာရွက်များကို သင့်ပြည်နယ်၏ ရွေးကောက်ပွဲဆိုင်ရာဘုတ်အဖွဲ့ထံမှ တောင်းဆိုနိုင်သည်၊ သို့မဟုတ် www.vote.org/absentee-ballot တွင်တောင်းဆိုနိုင်သည်။ ရွေးကောက်ပွဲမတိုင်ခင် သေချာအောင် ကြိုတင်တောင်းဆိုထားပါ - ပြည်နယ်အသီးသီးတွင် နောက်ဆုံးသတ်မှတ်ရက် အမျိုးမျိုးရှိကြသည်၊ ထို့ကြောင့် သင့်မဲစာရွက်ကို ယနေ့တောင်းဆိုပါ။*

***2. ကြိုတင်မဲပေးခြင်း။*** *ပြည်နယ်အတော်များများတွင် ရွေးကောက်ပွဲနေ့မတိုင်ခင် ကြိုတင်မဲပေးရန် မဲရုံများစီစဉ်ပေးသည်။ ထိုသို့ဆောင်ရွက်ပေးခြင်းဖြင့် တန်းစီရခြင်းနှင့် လူစုလူဝေးများကို ရှောင်ကြဉ်နိုင်စေသည်။ ကြိုတင်မဲပေးခြင်း အကြောင်းနှင့်ပတ်သက်ပြီး အခြားသူများကို အသိပေးခြင်းလည်း မဲထည့်သည့်မဲဆန္ဒရှင်ဦးရေ တိုးမြှင့်ရန်အတွက် ထိရောက်သည့် နည်းလမ်းတစ်မျိုးဖြစ်ပါသည်။ သင့်ပြည်နယ်တွင် ကြိုတင်မဲပေးနိုင်ခြင်း ရှိမရှိ www.vote.org/early-voting-calendar တွင် စစ်ဆေးကြည့်ပါ။*

***3. ရွေးကောက်ပွဲနေ့တွင် မဲပေးခြင်း။*** *မဲပေးရန်နောက်ဆုံး အခွင့်အရေးသည် သင့်မဲရုံ၌ ရွေးကောက်ပွဲနေ့တွင် ဖြစ်ပါသည်။ သင့်မဲဆန္ဒနယ်နှင့် မဲရုံကို www.vote.org/polling-place-locator တွင် ရှာဖွေပါ၊ သို့မဟုတ် မဲဆန္ဒရှင်ကဒ်တွင် စစ်ကြည့်ပါ။ ပြည်နယ်တစ်ခုစီတွင် သတ်မှတ်ချက်များ ကွဲပြားပါသည်၊ ထို့ကြောင့် သင့်ပြည်နယ်၏ စည်းမျဉ်းဥပဒေများကို သေချာအောင် စစ်ဆေးကြည့်ပါ။ (ဥပမာအားဖြင့် အချို့မှာ အစိုးရထုတ်ပေးသော အိုင်ဒီကဒ်လိုအပ်သောကြောင့်) သင်လိုအပ်မည့်အရာများကို ယူဆောင်သွားရန်နှင့် သတ်မှတ်ထားသော နာရီအချိန်အတွင်း မဲရုံသို့ရောက်ရှိရန် ဖြစ်ပါသည်။*

*သင့်မဲရုံသို့သွားရန် သယ်ယူပို့ဆောင်ရေး လိုအပ်ပါက မိသားစုနှင့်မိတ်ဆွေတို့နှင့် ကားလိုက်စီးရန် စီစဉ်ပါ၊ သို့မဟုတ် Lyft ကဲ့သို့သော ကားမျှဝေစီးနိုင်သည့် ဝန်ဆောင်မှုများမှ ရွေးကောက်ပွဲအတွက် လျှော့ဈေးပေးမပေး မေးမြန်းကြည့်ပါ။*

*အရေးကြီးသည်။ ဤနည်းလမ်းများ တစ်ခုခုကို အသုံးပြုနိုင်ရန်အတွက် ဆန္ဒမဲပေးရန် မဖြစ်မနေမှတ်ပုံတင်ထားရမည်။ သင့်အမည်စာရင်း မှတ်ပုံတင်ထားကြောင်း သေချာအောင် www.vote.org တွင် စစ်ဆေးကြည့်ပါ။*

## သင့်လူမှုအသိုင်းအဝိုင်းကို ထောက်ပံ့ခြင်း။ မဲဆန္ဒရှင်မှတ်ပုံတင်ခြင်းနှင့် မဲထည့်သူဦးရေ တိုးမြှင့်ပြီး ဒုက္ခသည်များ အကြောင်းနှင့်ပတ်သက်ပြီး ဝင်ပြိုင်သူ ကိုယ်စားလှယ်လောင်းများကို အသိပေးပါ။

***မဲဆန္ဒရှင် မှတ်ပုံတင်နှုန်းကို တိုးမြှင့်ခြင်း***

- ★ *ဆန္ဒမဲပေးခြင်းသည် သင့်အတွက် အဘယ်ကြောင့် အရေးကြီးကြောင်း သင့်မိသားစု၊ မိတ်ဆွေ၊ အိမ်နီးနားချင်းများနှင့် ဆွေးနွေးပြီး သူတို့အနေနှင့် မဲပေးရန်မှတ်ပုံတင်ထားကြောင်း၊ ဘယ်နေရာ၊ ဘယ်အချိန်တွင် ဘယ်လိုမဲပေးနိုင်သည်ကို သိထားကြောင်း သေချာအောင် ဆွေးနွေးပါ။ ပြည်နယ်အတော်များများတွင် အွန်လိုင်းမှတစ်ဆင့် မဲဆန္ဒရှင်ကို မှတ်ပုံတင်နိုင်ပြီး အများအားဖြင့် စာတိုက်မှတစ်ဆင့် အတည်ပြုပါသည်။*
- ★ *ပြည်နယ်၏ မဲဆန္ဒရှင် မှတ်ပုံတင်ရန် နောက်ဆုံးရက်စွဲ အကြောင်း၊ ကြိုတင်မဲပေးခြင်းဆိုင်ရာ မူဝါဒများအကြောင်းနှင့် စာတိုက်မှတစ်ဆင့် မဲပေးခြင်းအကြောင်း၊ စသည့်အချက်အလက်များကို မျှဝေပါ။ ပံ့ပိုးမှုအချက်အလက်များကို Vote411 တွင်လည်း ဖတ်ရှုနိုင်သည်၊ သို့မဟုတ် သင့်ပြည်နယ်ရွေးကောက်ပွဲဆိုင်ရာ ဘုတ်အဖွဲ့၏ ဝက်ဘ်ဆိုက်တွင် ဖတ်ရှုနိုင်သည်။*
- ★ *သင့်ကွန်ပျူတာ/ဖုန်း ဖန်ပြင်ကို ရှယ်ပြပြီး အွန်လိုင်းမှတစ်ဆင့် အတူတကွ မဲဆန္ဒရှင်မှတ်ပုံတင်ခြင်းဖြင့် မဲဆန္ဒရှင်မှတ်ပုံတင်သည့် အကြောင်းနှင့်ပတ်သက်၍ ဗီဒီယိုမှတစ်ဆင့် ပျော်ရွှင်ဖွယ်တွေ့ဆုံပွဲများ ကျင်းပပါ၊ သို့မဟုတ် အွန်လိုင်းမှတစ်ဆင့် မဲပေးခြင်းသင်တန်းတက်ရန် မှတ်ပုံတင်ပါ။*
- ★ *ရွေးကောက်ပွဲအကြောင်း၊ အဘယ်ကြောင့် မဲပေးရန်အရေးကြီးကြောင်းနှင့် မဲပေးခြင်းနှင့်ပတ်သက်သည့် ပံ့ပိုးမှုအချက်အလက်များ၊ စသည့်အကြောင်းအရာများကို မျှဝေရန်အတွက် လူမှုဆက်သွယ်ရေး မီဒီယာနှင့် သတင်းပို့ရန်အက်ဘ် (messaging apps) များကို အသုံးပြုပါ။ မိတ်ဆွေ၊ မိသားစု 5 ဦးတို့နှင့် ချိတ်ဆက်ခြင်း(tagging)ဖြင့် ဆိုရှယ်မီဒီယာစိန်ခေါ်မှုတစ်ခုခု စလုပ်ပြီး သူတို့ကို မဲပေးရန်နှင့် အခြားသူများကို အလားတူစိန်ခေါ်ရန် တိုက်တွန်းပါ။*
- ★ *မဲဆန္ဒရှင်အား အသိပညာပေးခြင်းနှင့် မှတ်ပုံတင်ခြင်းကို နိုင်ငံသားဆိုင်ရာ သင်တန်းများကဲ့သို့ လက်ရှိ ရုပ်သံဖြင့်အဝေးသင် သင်တန်းများနှင့် တွဲပေးခြင်း၊ သို့မဟုတ် မဲပေးရန်အတွက် မည်သို့မှတ်ပုံတင်ရကြောင်း လူအများကို အသိပညာပေးရန် ဆွေးနွေးတင်ပြသူအား တောင်းဆိုခြင်းဖြင့် ဆန္ဒမဲနှင့်သက်ဆိုင်သည့် သီးသန့်ပွဲများ ဖန်တီးခြင်း၊ ပထမအကြိမ် မဲဆန္ဒရှင်များကို ဖော်ပြသည့်ဗီဒီယို ဖန်တီးခြင်းနှင့်/သို့မဟုတ် မျှဝေခြင်းနှင့်/သို့မဟုတ် နိုင်ငံသားဖြစ်လာသည့် ပုဂ္ဂိုလ်များအား မဲဆန္ဒရှင်မှတ်ပုံတင်ရန် ပုံစံစာရွက်များကို သင့်ပြည်နယ်ဥပဒေနှင့်အညီ မည်သို့ဖြည့်စွက်ရကြောင်း ဖော်ပြရန်အတွက် zoom သို့မဟုတ် join.me အွန်လိုင်းတွေ့ဆုံဆွေးနွေးပွဲများကို အသုံးပြုပါ။*
- ★ *မဲဆန္ဒရှင်မှတ်ပုံတင်ခြင်းနှင့်ပတ်သက်ပြီး လူများကို သတိပေးရန်နှင့် ကူညီရန်အတွက် တက်စ်နှင့်ဖုန်း လက်ခံဖြေဆိုခြင်းများကို မိတ်ဆွေများနှင့်အတူ ပူးပေါင်းဆောင်ရွက်ပါ။*

***မဲထည့်သည့် မဲဆန္ဒရှင်ဦးရေကို တိုးမြှင့်ခြင်း***

- ★ ဆိုရှယ်မီဒီယာပွဲများ၊ webinar သင်တန်းများ၊ ဗီဒီယိုနှင့် ကြေညာချက်များ၊ စသည့်ပွဲများမှတစ်ဆင့် သင့်ပြည်နယ်တွင် စာတိုက်မှတစ်ဆင့် မည်သို့မဲပေးနိုင်သည့် အကြောင်းနှင့်ပတ်သက်ပြီး လူမှုအသိုင်းအဝိုင်းများကို အသိပညာပေးပါ။
- ★ [မဲဆန္ဒရှင်မှတ်ပုံတင်ရန် နောက်ဆုံးရက်စွဲများ]နှင့် [မည်သို့မဲပေးနိုင်ကြောင်း လမ်းပြမြေပုံများ]ကို မျှဝေတင်ပြခြင်းဖြင့် တက်စ်ပို့ခြင်းနှင့် ဖုန်းလက်ခံပြောဆိုခြင်းကို အသုံးပြုပြီး ဖြစ်နိုင်လျှင် ကြိုတင်မဲပေးရန် သို့မဟုတ် စာတိုက်မှတစ်ဆင့် မဲပေးရန်အတွက် လူများကို သတိပေးပါ။
- ★ နိုဝင်ဘာလ 3 ရက်နေ့သည် ရွေးကောက်ပွဲနေ့ဖြစ်ကြောင်း လူတိုင်းကို သတိပေးပါ။ [ဒေသခံမဲရုံနေရာများ]နှင့် နာရီအချိန်များနှင့်ပတ်သက်သည့် အချက်အလက်များကို မျှဝေပါ။
- ★ ဒေသခံသတင်းစာများ၊ သတင်းလွှာများ၊ ထုတ်ပြန်ကြေညာချက်များ၊ အီးမေးလ်လိပ်စာ စာရင်းများနှင့် ဘာသာစကားပေါင်းစုံဖြင့် မည်သို့မဲပေးနိုင်သည့် အကြောင်းကို ဘာသာပြန်ထားသော စာရွက်စာတမ်းများ အပါအဝင် အခြားသော ကြေညာချက်များတွင် ရွေးကောက်ပွဲအကြောင်းကို တင်ပြပါ။
- ★ ဒုက္ခသည်နှင့် ရွှေ့ပြောင်းနေထိုင်သူများမှ ဦးဆောင်သောအဖွဲ့အစည်းများ၊ လူမှုအသိုင်းအဝိုင်း အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ပြီး အမေရိကန်နိုင်ငံသား အသစ်များကို ဆန္ဒမဲများသွားပေးရန် တိုက်တွန်းပါ။
- ★ မဲရုံသို့သွားရန် အကူအညီလိုအပ်နိုင်မည့် လူမှုအသိုင်းအဝိုင်းအတွက် ကားအတူလိုက်စီးခြင်း သို့မဟုတ် အခြားသော သယ်ယူပို့ဆောင်ရေး အမျိုးအစားများကို စီစဉ်ပေးပါ။
- ★ သင့်[ကောင်တီရွေးကောက်ပွဲ စီမံခန့်ခွဲသူ] အတွက် [စေတနာ့ဝန်ထမ်းအဖြစ် ကူညီခြင်း]၊ [မဲဆန္ဒရှင်များ၏ အခွင့်အရေးကို ကာကွယ်ရန် ဒေသခံ ညွန့်ပေါင်းအဖွဲ့အစည်းနှင့် ပူးပေါင်းဆောင်ရွက်ခြင်း]နှင့်/သို့မဟုတ် မဲဆန္ဒရှင်ကို ခြိမ်းခြောက်မှု သို့မဟုတ် ဖိနှိပ်မှုရှိခဲ့လျှင် 1-866-OUR-VOTE ထံသို့ ဖုန်းဆက်တိုင်ကြားခြင်း၊ စသည့်ကိစ္စများတွင် ကူညီဆောင်ရွက်ပါ။

**ဒုက္ခသည်များအကြောင်းနှင့် ပတ်သက်ပြီး ဝင်ပြိုင်သူကိုယ်စားလှယ်လောင်းများကို အသိပေးခြင်း**

- ★ ကိုယ်စားလှယ်လောင်းများနှင့် အွန်လိုင်းမှတစ်ဆင့် တွေ့ဆုံဆွေးနွေးပွဲများနှင့် မြို့တော်ခန်းမ ဆွေးနွေးပွဲများတွင် ဒုက္ခသည်ကိစ္စအတွက် သူတို့၏ထောက်ခံအားပေးမှု အကြောင်းနှင့်ပတ်သက်ပြီး အရာရှိများနှင့် ဝင်ပြိုင်သူ ကိုယ်စားလှယ်လောင်းများကို မေးမြန်းပါ။ အကြံဉာဏ်အချို့ရှိပါသည်။
  - ○ **ဖယ်ဒရယ်အဆင့်။ U.S. အောက်လွှတ်တော်၊ အထက်လွှတ်တော်၊ သမ္မတ၊ စသည့်ကိုယ်စားလှယ်လောင်းများ။** ဤအစိုးရအဖွဲ့သည် ဒုက္ခသည် နေရာပြန်လည်ချထားရေးနှင့် နိုင်ငံရေးခိုလှုံခွင့် အစီအစဉ်များကို တစ်စစီဖြိုဖျက်ခဲ့ပါသည်။ လူ့အသက်ကယ်တင်ရေး အစီအစဉ်များကို ကာကွယ်ရေးနှင့် ပြန်လည်ထူထောင်ရေးတွင် ပါဝင်ဆောင်ရွက်ရန် အစီအစဉ်ရှိပါသလား။ ဒုက္ခသည် နေရာပြန်လည်ချထားရေးတွင် ဒုက္ခသည်ဦးရေကို သမိုင်းစဉ်ဆက်အရ တစ်နှစ်လျှင် 95,000 သို့ ပြန်လည်တိုးမြှင့်မည့် GRACE Act ဥပဒေကို ထောက်ခံအားပေးပါသလား။
  - ○ **ပြည်နယ်အဆင့်။ ပြည်နယ်ဆိုင်ရာ အထက်လွှတ်တော်အမတ်များ၊ ပြည်နယ်ဆိုင်ရာ အောက်လွှတ်တော်အမတ်များ၊ ပြည်နယ်အုပ်ချုပ်ရေးမှူးများ။** အင်္ဂလိပ်ဘာသာစကား သင်ကြားနေသူများ၊ ဘာသာစကားပြန်ဆိုခြင်း၊ အလုပ်အကိုင် ရှာဖွေခြင်းနှင့် အိုးအိမ်ကိစ္စ စီစဉ်ဆောင်ရွက်ခြင်း၊ စသည့်အစီအစဉ်များကို ပိုမိုဆောင်ရွက်ပေးရန်အတွက် အမေရိကန် နိုင်ငံသားအသစ်များ ပေါင်းစည်းရေးဆိုင်ရာ ဝန်ဆောင်မှုများနှင့်ပတ်သက်ပြီး စွမ်းအားမြှင့်တင်သည့် မူဝါဒများကို ထောက်ခံအားပေးပါသလား။ ဒုက္ခသည်နှင့် ရွှေ့ပြောင်းနေထိုင်သူ အတော်များများတွင် ကျန်းမာရေးကုသမှုလုပ်ငန်း လုပ်ကိုင်သူများရှိပြီး COVID ကပ်ဆိုက်သော ကာလအတွင်း ကူညီချင်ကြပါသည်၊ သို့သော် လိုင်စင်ပေးခြင်းဆိုင်ရာ အတားအဆီးများကြောင့် ကူညီရန်အတွက် အဟန့်အတားဖြစ်နေပါသည်။ နိုင်ငံတကာမှ သင်ကြားမှုလက်ခံရရှိခဲ့သော လုပ်ငန်းကျွမ်းကျင်သူများ အတွက် လိုင်စင်နှင့် ထောက်ခံချက်များ ပြန်လည်ရယူရန်အတွက် အခွင့်အလမ်းများ ပိုမိုတိုးချဲ့ရေးကို ထောက်ခံအားပေးပါသလား။
  - ○ **ဒေသခံအဆင့်။ မြို့တော်အုပ်ချုပ်ရေး ကောင်စီအဖွဲ့ဝင်များ၊ ကောင်တီ ကြီးကြပ်ရေးမှူးများ၊ မြို့တော်ဝန်များ၊ ပညာရေးဆိုင်ရာ ဘုတ်အဖွဲ့။** ကျွန်ုပ်တို့၏မြို့တော်/ကောင်တီတွင် ဒုက္ခသည်များနှင့် ရွှေ့ပြောင်းနေထိုင်သူများကို လှိုက်လှဲစွာကြိုဆိုကြောင်း ပြသသည့် ကြိုဆိုမှုရှိသော မြို့တော်/ကောင်တီ ဆုံးဖြတ်ချက်များချမှတ်ခြင်းကို ထောက်ခံအားပေးပါသလား။
- ★ ကိုယ်စားလှယ်များ၏ Facebook timelines သို့မဟုတ် Twitter တွင် @ [ထိုပုဂ္ဂိုလ်များ၏ handle အမည်] ကိုအသုံးပြု၍ သူတို့၏ Twitter handle အမည်ကိုရှာဖွေခြင်းဖြင့် မေးခွန်းများနှင့် ကိစ္စရပ်အကြောင်းအရာများကို တင်ပြပါ။
- ★ သင့်အနေနှင့် အဘယ်ကြောင့် မဲပေးကြောင်း၊ ကြိုဆိုမှုရှိသော လူမှုအသိုင်းအဝိုင်းများ တည်ဆောက်ရန်အတွက် အရေးကြီးကြောင်းနှင့် ပတ်သက်ပြီး သင့်ဒေသခံသတင်းစာထံသို့ အယ်ဒီတာထံ ပေးစာများ (LTE) နှင့် ထင်မြင်ချက်ဖော်ပြသော အယ်ဒီတာအာဘော်များကို (Op-Eds) ရေးသားပါ။

**ဘယ်သူ့ကိုမဲပေးနိုင်သနည်း။** ဖယ်ဒရယ်ရွေးကောက်ပွဲများတွင် သမ္မတကို လေးနှစ်တစ်ကြိမ် ရွေးချယ်တင်မြှောက်ခြင်း၊ အောက်လွှတ်တော် ကိုယ်စားလှယ်တစ်ဦးကို နှစ်နှစ်တစ်ကြိမ်ရွေးချယ်တင်မြှောက်ခြင်းနှင့် အထက်လွှတ်တော်နှစ်ဦးကို ခြောက်နှစ်တစ်ကြိမ် ရွေးချယ် တင်မြှောက်ခြင်းများပါဝင်သည်။ ပြည်နယ်နှင့်ဒေသခံ ရွေးကောက်ပွဲများတွင် ဒေသအလိုက် ကွဲပြားမှုရှိပြီး ပြည်နယ်အုပ်ချုပ်ရေးမှူး၊ ပြည်နယ် ဥပဒေပြုရေးအဖွဲ့၊ မြို့တော်ဝန်၊ ကောင်တီအစိုးရများ၊ ခရိုင်အစိုးရရှေ့နေများနှင့် မြို့တော်အုပ်ချုပ်ရေး ကောင်စီအဖွဲ့ဝင်များကို ရွေးချယ်တင်မြှောက်ပါသည်။ ဒေသခံရွေးကောက်ပွဲများ၊ ပါတီကိုယ်စားလှယ် ရွေးကောက်ပွဲများ၊ အချို့သောဥပဒေများကို မဲဆန္ဒရှင်များမှ အတည်ပြုသော သို့မဟုတ် ငြင်းပယ်သော အထူးရွေးကောက်ပွဲများနှင့် ဆန္ဒမဲဆိုင်ရာ အရေးယူဆောင်ရွက်မှုများ၊ စသည့်ရွေးကောက်ပွဲ များကို အချိန်မရွေး ကျင်းပနိုင်သော်လည်း အများအားဖြင့် နိုဝင်ဘာလ အစပိုင်းတွင် ကျင်းပကြပါသည်။ ဆန္ဒမဲမပေးခင် ကိုယ်စားလှယ် များ၏ အကြောင်းကို လေ့လာရန်အတွက် သင့်[ကောင်တီရွေးကောက်ပွဲ စီမံခန့်ခွဲသူ] ထံမှ သို့မဟုတ် [vote411.org] ကဲ့သို့ အကျိုးအမြတ် မယူသော အဖွဲ့အစည်းများထံမှ မဲစာရွက်နမူနာ တောင်းဆိုနိုင်သည် သို့မဟုတ် ဖတ်ရှုနိုင်သည်။ ရွေးကောက်ပွဲအများစု မတိုင်ခင် လေးငါးပတ်အလိုတွင် "ပါတီကိုယ်စားလှယ် ရွေးကောက်ပွဲများ"ကို ကျင်းပသည်။ ပါတီကိုယ်စားလှယ် ရွေးကောက်ပွဲတွင် မဲဆန္ဒရှင်များမှ နိုင်ငံရေးပါတီအလိုက် "အထွေထွေရွေးကောက်ပွဲ"တွင် ဝင်ပြိုင်မည့် ကိုယ်စားလှယ်လောင်းများကို ရွေးချယ်နိုင်သည်။ အချို့သောပြည်နယ် များတွင် ပါတီကိုယ်စားလှယ် ရွေးကောက်ပွဲများ၌ မဲပေးရန်အတွက် သက်ဆိုင်ရာပါတီနှင့် မှတ်ပုံတင်ထားရပါသည်။

**ဘယ်သူ့ကိုမဲပေးသင့်သနည်း။** သင်ဘယ်လိုမဲပေးရမည် ဆိုတာကို သင့်အား မည်သူတစ်ဦးတစ်ယောက်မှ မခိုင်းသင့်ပါ။ သင်ကိုယ်တိုင် ဆုံးဖြတ်နိုင်ပြီး ဘယ်သူ့ကို မဲပေးကြောင်း သို့မဟုတ် ဘာကြောင့် မဲပေးကြောင်း ဘယ်သူ့ကိုမှ ပြောပြစရာမလိုပါ။ သင်ဆုံးဖြတ်နိုင်အောင် အထောက်အကူ ဖြစ်စေရန်အတွက် [voteeasy.votesmart.org] တွင် ဆန္ဒမဲဆိုင်ရာလမ်းညွှန်ချက်၊ မဲစာရွက်နမူနာများနှင့် သင်ဂရုစိုက်သည့် ကိစ္စများအပေါ် ကိုယ်စားလှယ်လောင်းများ၏ ရပ်တည်ချက် သဘောထားများကို ဖတ်ရှုနိုင်ပါသည်။